Australian Government
AusAID

Cardno ACIL

# Asia Regional Trafficking in Persons (ARTIP) Project

*An Australian Government Initiative*

# အာရှဒေသဆိုင်ရာ လူကုန်ကူးမှုစီမံကိန်း

*ဩစတြေးလျအစိုးရမှ ကူညီထောက်ပံ့သည့်လုပ်ငန်း*






## အာရှဒေသအတွင်း လူကုန်ကူးမှုကို တိုက်ဖျက်ရန် ဩစတြေးလျအစိုးရမှ ကူညီထောက်ပံ့သည့် လုပ်ငန်း

## စီမံကိန်း ခံယူချက်

လူကုန်ကူးမှုကို ထိရောက်သော ပြစ်မှုဆိုင်ရာ တရားစီရင်ရေး တုန့်ပြန်မှုပြုလုပ်မှသာ လူကုန်ကူးသူများ ယခုအခါ ပြစ်ဒဏ်မှ ကောင်းစွာ ကင်းလွတ်နေခြင်းကို အဆုံးသတ်နိုင်ပြီး လူကုန်ကူးခံရသူများ၏ လုံခြုံရေးနှင့် တရားမျှတမှုတို့ကို ဆောင်ရွက်ပေးနိုင်ပါမည်။ ဤသို့ တုန့်ပြန်မှုပြုလုပ်ရာတွင် ခိုင်မာ၍ ဖြစ်နိုင်ခြေရှိသော တရားဥပဒေဘောင်၊ စွမ်းဆောင်ရည် ရှိသော ရှေ့တန်းနှင့် အထူးပြု တရားဥပဒေစိုးမိုးရေး အဖွဲ့အစည်းများ၊ သတင်းအချက်အလက်များ ပြည့်စုံ၍ ရပ်တည်ချက် ခိုင်မာသော တရားသူကြီးများနှင့် တရားလိုရှေ့နေများ၊ ပြစ်မှုကျူးလွန်ခြင်းခံရသူများကို လျင်မြန်တိကျစွာ ဖော်ထုတ်နိုင်သော စနစ်၊ နိုင်ငံတွင်းနှင့် နယ်စပ်ဖြတ်ကျော်၍ ပြစ်မှုဆိုင်ရာ တရားစီရင်ရေး အဖွဲ့အစည်းများအချင်းချင်း ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ပေးရန် အစီအမံများ ပါဝင်ပါသည်။ လူကုန်ကူးမှုကို အမျိုးသားအဆင့်နှင့် ဒေသအဆင့် တုန့်ပြန်မှုဆောင်ရွက်ကြရာတွင် အဆင့်အားလုံး၌ နိုင်ငံတကာက သဘောတူညီထားသော ပြစ်မှုဆိုင်ရာ တရားစီရင်ရေးနှင့် လူ့အခွင့်အရေး စံချိန်စံနှုန်းများကို ထင်ဟပ် ဆောင်ရွက်သင့်ပါသည်။

## အာရှဒေသဆိုင်ရာ လူကုန်ကူးမှု စီမံကိန်း၏ (ARTIP) ဖြစ်စဉ်

၂၀၀၃ခုနှစ်တွင် ဩစတြေးလျအစိုးရသည် အာရှဒေသဆိုင်ရာ လူကုန်ကူးမှု တားဆီးကာကွယ်ရေး စီမံကိန်း (ARCPPT) ဟူသော ဒေသဆိုင်ရာ လုပ်ငန်းတစ်ရပ်ကို စတင်ဆောင်ရွက်ခဲ့ပါသည်။ ဤစီမံချက်သည် ၂၀၀၆ခုနှစ် ဩဂုတ်လတွင် အပြီးသတ်ခဲ့ပြီး နိုင်ငံတွင်းနှင့် နိုင်ငံအချင်းချင်း လူကုန်ကူးသည့် ပြစ်မှုကို ပိုမိုထိရောက်၍ ညှိနှိုင်းဆောင်ရွက်သော ချဉ်းကပ်ပုံဖြင့် တိုက်ဖျက်နိုင်ရန် ကူညီပံ့ပိုးရေး ကြိုးပမ်း ဆောင်ရွက်ခဲ့ပါသည်။ ARCPPT သည် ကမ္ဘောဒီးယားနိုင်ငံ၊ လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ၊ မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံတို့မှ အမျိုးသားအဆင့် ပြစ်မှုဆိုင်ရာ တရားစီရင်ရေး အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခဲ့ပြီး အင်ဒိုနီးရှားနိုင်ငံတွင်လည်း လုပ်ငန်းအချို့ လုပ်ဆောင် ခဲ့ပါသည်။ အာဆီယံနှင့် လည်းကောင်း၊ COMMIT အပါအဝင် လူကုန်ကူးမှုဆိုင်ရာ အဓိက အရေးပါသော ဒေသအဆင့် ဆွေးနွေးပွဲ အဖွဲ့များနှင့် လည်းကောင်း နီးကပ်စွာ ပူးပေါင်းဆောင်ရွက်ခဲ့ပါသည်။

ARCPPT ၏ လုပ်ငန်းကို ပြန်လည်သုံးသပ်ပြီးနောက် တစ်နိုင်ငံချင်းအနေဖြင့်လည်းကောင်း၊ ဒေသတစ်ခုလုံးအနေဖြင့်လည်းကောင်း ရရှိခဲ့ပြီးသော ကြီးမားသည့် အောင်မြင်မှုများအပေါ် ဆက်လက်တည်ဆောက်သွားရန် စီမံချက်အသစ်တစ်ရပ် ဖော်ထုတ်မည်ဟု ဆုံးဖြတ်ချက် ချမှတ်ခဲ့ပါသည်။

Australian Government
AusAID

*ဩစတြေးလျအစိုးရမှ ကူညီထောက်ပံ့သည့်လုပ်ငန်း*

Cardno ACIL

ဆက်သွယ်ရန်လိပ်စာ

Regional and Thailand Office:

1-7 Zuellig House, Unit 1A, 4th Floor, Silom Road,
Bangrak, Bangkok, Thailand 10500

Tel: +66 2 636 0531-3
Fax: +66 2 636 0534

Cambodia Office:

14 Somdach Sothearos Blvd, Ministry of Justice,
Phnom Penh, Cambodia

Tel/Fax: +855 23 990 810

မြန်မာရုံး

အမှတ် ၁၈ (ဃ)၊ စိမ်းလဲ့မေရိပ်သာလမ်း၊ ကမ္ဘာအေးစေတီလမ်း၊
ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း - +၉၅ ၁ ၆၆ ၂၀၀၂၊ ၇၂၆၄၁၁
ဖက်စ်- +၉၅ ၁ ၆၆ ၂၉၁၆

Lao PDR Office:

Immigration Department, Ministry of Public Security,
Ban Hatsady Tai, Chanthaboury District, Vientiane, Lao PDR

Tel: +856 21 262 609
Fax: +856 21 262 396

Website: www.artipproject.org

Email: info@artipproject.org








# အာရှဒေသဆိုင်ရာ လူကုန်ကူးမှုကို ပြစ်မှုဆိုင်ရာ တရားစီရင်ရေး တုန့်ပြန်မှု အင်အားတောင့်တင်းစေရေး ဩစတြေးလျအစိုးရက ဆောင်ရွက်လျက်ရှိသော လုပ်ငန်း

## အာရှဒေသဆိုင်ရာ လူကုန်ကူးမှု စီမံကိန်း (ARTIP)သည် လူကုန်ကူးသူများ ပြစ်ဒဏ်မှ ကင်းလွတ်နေခြင်းကို အဆုံးသတ်၍ လူကုန်ကူးခံရသူများ တရားမျှတမှု ရရှိစေရန် စူးစိုက်ဆောင်ရွက်ပါသည်။



### စီမံကိန်း

အာရှဒေသဆိုင်ရာလူကုန်ကူးမှု စီမံကိန်း (ARTIP)သည် ၂၀၀၆ခုနှစ် ဩဂုတ်လတွင် စတင်ခဲ့ပြီး ၅နှစ်အထိ ဆက်လက်ဆောင်ရွက်ရန် မျှော်မှန်းပါသည်။ ယခင် စီမံကိန်း ကဲ့သို့ပင် ARTIP သည် လူကုန်ကူးမှုကို ပြစ်မှုဆိုင်ရာ တရားစီရင်ရေး တုန့်ပြန်မှုပြုလုပ်ရန် စူးစိုက်ဆောင်ရွက်ပြီး လူကုန်ကူးသူများ ပြစ်ဒဏ်မှ ကင်းလွတ်နေခြင်းကို အဆုံးသတ်၍ လူကုန်ကူးခံရသူများ တရားမျှတမှုရရှိစေရန် အထူးအလေးထားပါသည်။ ကနဦးအဆင့်တွင် ARTIP သည် ကမ္ဘောဒီးယားနိုင်ငံ၊ ထိုင်းနိုင်ငံ၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတ နိုင်ငံနှင့် မြန်မာနိုင်ငံတို့၌ လုပ်ငန်းများ ဆောင်ရွက်လျက် ရှိပါသည်။ စီမံကိန်းသက်တမ်းကာလအတွင်း အခြား အာဆီယံ နိုင်ငံများ အထူးသဖြင့် အင်ဒိုနီးရှားနိုင်ငံ သို့လည်း လုပ်ငန်းများ တိုးချဲ့ဆောင်ရွက်နိုင်ဖွယ် ရှိပါသည်။ လုပ်ငန်းတိုးချဲ့ ဆောင်ရွက်ရန် နိုင်ငံများကို ဖော်ထုတ်၍ ARTIP စီမံကိန်းအတွင်း အောင်မြင်စွာ ပေါင်းစည်းပါဝင်ရေး အတွက် အကူအညီပေးမည့် အထူး အစီအမံတစ်ရပ်ကိုလည်း ဖော်ထုတ်ထားပြီး ဖြစ်ပါသည်။



### လူကုန်ကူးမှုကို အထူးပြုနှင့် အထွေထွေ တရားဥပဒေစိုးမိုးရေး တုန့်ပြန်မှုများ

အထွေထွေနှင့် အထူးပြု ရဲတပ်ဖွဲ့သည် လူကုန်ကူးမှုကို အင်အားတောင့်တင်းသော ပြစ်မှုဆိုင်ရာ တရားစီရင်ရေး တုန့်ပြန်မှုပြုလုပ်ရန် အဓိကသော့ချက်ဖြစ်ပါသည်။ လူကုန်ကူးခံရသူများသာမက လူကုန်ကူးသူများသည်လည်း အထွေထွေ ရဲတပ်ဖွဲ့နှင့် ပထမဆုံး တွေ့ကြုံရတတ်ပါ သည်။ အထွေထွေ ရဲတပ်ဖွဲ့အနေနှင့် လူကုန်ကူးခံရသူ များကို မှန်ကန်စွာ ဖော်ထုတ်၍ ကနဦးတုန့်ပြန်မှု ပြုလုပ် နိုင်စွမ်းရှိရန် အထူးအရေးကြီးပါသည်။ လူကုန်ကူးသည့် ပြစ်မှုကို စုံစမ်းထောက်လှမ်းခြင်းမှာ ရှုပ်ထွေးပြီး အလွန် အရေးပါသော လုပ်ငန်းဖြစ်ခြင်းကြောင့် အထူးပြု ရဲတပ်ဖွဲ့ လိုအပ်ပါသည်။ အထွေထွေနှင့် အထူးပြု တရားဥပဒေ စိုးမိုးရေး အဖွဲ့အစည်းများကို ယင်းတို့ လိုအပ်သော အသိပညာနှင့် ကျွမ်းကျင်မှုများ ဖြည့်ဆည်းပေးရန် ARTIP စီမံချက်က ကြိုးပမ်း ဆောင်ရွက်ပါသည်။ လူကုန်ကူးမှုတားဆီးတိုက်ဖျက်ရေး အထူးပြု ယူနစ်များကို ပံ့ပိုးပေးရန် သာမက နိုင်ငံများအကြား စုံစမ်းထောက်လှမ်း မှု ပူးပေါင်းဆောင်ရွက်ရေး မြင့်မားလာစေရေးအတွက် ယင်းယူနစ်များအကြား ဆက်ဆံရေးများကို ပြုစု ပျိုးထောင်ပေးရန် စီမံချက်က အထူးအလေးထား၍ ဆောင်ရွက်ပါသည်။

### လူကုန်ကူးမှုကို တရားစီရင်ရေးနှင့် တရားစွဲဆိုတင်ပို့ရေး တုန့်ပြန်မှုများ အင်အားတောင့်တင်းစေခြင်း

လူကုန်ကူးသည့် မှုခင်းများကို အောင်မြင်စွာ တရားစွဲဆိုပြီး တရားစီရင်နိုင်စေရန် ARTIP စီမံချက်သည် တရားသူကြီးများနှင့် တရားလိုဖက်မှ လိုက်ပါဆောင်ရွက်သူ ဥပဒေအရာရှိများအကြား လူကုန်ကူးမှုနှင့် ပတ်သက်သည့် သိမြင်နားလည်မှု တိုးတက်မြင့်မား လာစေရေး ဆောင်ရွက်ပါသည်။ အမျိုးသားအဆင့်တွင် ပံ့ပိုးမှုပေးသည့်အပြင် နိုင်ငံ အချင်းချင်း တရားစွဲဆိုတင်ပို့ရာ၌ ပူးပေါင်း ဆောင်ရွက်မှု တိုးမြင့်လာစေရန် ရည်ရွယ်သည့် လုပ်ငန်းများကိုလည်း ဆောင်ရွက်လျက် ရှိပါသည်။

### တရားဥပဒေနှင့် မူဝါဒဘောင်ကို အင်အားတောင့်တင်း စေခြင်း

လူကုန်ကူးမှုကို အင်အားတောင့်တင်းသော အမျိုးသား အဆင့် ပြစ်မှုဆိုင်ရာ တရားစီရင်ရေး တုန့်ပြန်မှု ပြုလုပ်ရာတွင် ကောင်းမွန်သော ဥပဒေများသည် အခြေခံ အုတ်မြစ်ဖြစ်ပါသည်။ လူကုန်ကူးမှုနှင့် ပတ်သက်သည့် အမျိုးသားဥပဒေဘောင်ကို ရေးဆွဲရန် နှင့်/သို့မဟုတ် ပြုပြင် ပြင်ဆင်ရန် ARTIP စီမံကိန်း သည် အစိုးရများအား အကြံဉာဏ်နှင့် ပံ့ပိုးမှုပေး ပါသည်။ လူကုန်ကူးမှု အထူးပြုဥပဒေများ သာမက ဥပမာအားဖြင့် ငွေကြေးခဝါချမှု၊ အပြန်အလှန် ဥပဒေအကူအညီပေးမှုနှင့် ပြစ်မှုကျူးလွန်သူကို မူရင်း နိုင်ငံသို့ ပြန်လည်လွှဲပြောင်း ပေးမှုဆိုင်ရာ ဥပဒေများ လည်း ပါဝင်ပါသည်။

ARTIP စီမံကိန်းသည် လူကုန်ကူးမှုနှင့်ပတ်သက်၍ အမျိုးသားအဆင့်တွင်သာမက ဒေသအဆင့်တွင်ပါ အင်အားတောင့်တင်းသော မူဝါဒဘောင်များ ရေးဆွဲ အကောင်အထည်ဖော်နိုင်ရန် ပံ့ပိုးမှုပေးပါသည်။ လူကုန်ကူးမှုနှင့် ပတ်သက်၍ တူညီသော စံချိန်စံနှုန်း များ၊ မျှဝေအသုံးပြုသော အကောင်းဆုံး လုပ်နည်း လုပ်ဟန်များနှင့် အင်အားတောင့်တင်းသော ဒေသဆိုင်ရာ မူဝါဒတို့ ဖော်ထုတ်ချမှတ်ရာတွင် အာဆီယံအဖွဲ့သည် ဗဟို အချက်အခြာကျမှု ပါဝင်ခြင်းကြောင့် ARTIPစီမံကိန်း၏ အရေးပါသော ဒေသအဆင့်လက်တွဲဖက်ဖြစ်ပါသည်။





လူကုန်ကူးမှုကို ပြစ်မှုဆိုင်ရာ တရားစီရင်ရေး နည်းလမ်းဖြင့် တုန့်ပြန်မှုပြုလုပ်သည့် နယ်ပယ်မှာ အခြားနယ်ပယ်များနှင့် နှိုင်းစာလျှင် စူးစမ်းလေ့လာမှု နည်းပါးနေသေးခြင်းကြောင့် အရွယ်ပမာဏသေးငယ် သော်လည်း ဂရုပြု၍ ဦးတည်ရည်ရွယ်ထားသည့် သုတေသန အစီအစဉ်ဖြင့် ဆန်းသစ်တီထွင်သော သုတေသနလုပ်ငန်းများ ဆောင်ရွက်ရန် နှင့်/သို့မဟုတ် ဆောင်ရွက်စေရန် ရည်ရွယ်ပါသည်။

နိုင်ငံအသီးသီးမှ လက်တွဲဖက်များ၊ အကျိုးစီးပွားပါဝင်ပတ်သက်သူများ နှင့်/မှတဆင့် လုပ်ငန်း ဆောင်ရွက်ရန် အရေးကြီးကြောင်း ARTIP စီမံချက်က အသိအမှတ် ပြုလျက် ပူးပေါင်းဆောင်ရွက် တိုင်ပင်ညှိနှိုင်းသည့် နည်းလမ်းဖြင့် လုပ်ငန်းဆောင်ရွက်ရန် ကြိုးပမ်း ပါသည်။ စီမံချက် အစီအစဉ်များ၊ လုပ်ငန်းများ၊ အရင်းအမြစ်များနှင့် ပတ်သက်သော သတင်း အချက် အလက်များကို နိုင်ငံအသီးသီးရှိ ရုံးများနှင့် ဒေသဆိုင်ရာ ရုံးတို့တွင် အလွယ်တကူ ရရှိနိုင်ပါသည်။ ARTIP စီမံကိန်း website တွင် ရွေးချယ်ထားသော ARCPPT စာရွက်စာတမ်းများ၊ စီမံချက်နှင့် သက်ဆိုင်သော အမျိုးသားအဆင့်၊ ဒေသအဆင့်နှင့် နိုင်ငံတကာအဆင့် အရင်းအမြစ်များ အပါအဝင် စီမံချက်ဆိုင်ရာ သတင်း အချက်အလက် အားလုံးကို အင်တာနက်မှ ရယူနိုင် ပါသည်။

ဆက်သွယ်ရန် အသေးစိတ်အချက်များကို တစ်ဖက်စာမျက်နှာတွင်ကြည့်ပါ။